Twinleaf

Uplift Locals Care Nature



# “သင်တန်းအစီအစဉ်အကြောင်း”

## CENTER FOR SOIL DEFENDERS
## (မြေကြီးကာကွယ်သူများစင်တာ)

## “YOUTH INTENSIVE TRAINING IN SUSTAINABLE AGRICULTURE & COMMUNITY ACTION”

### “ရေရှည်တည်တံ့သောစိုက်ပျိုးရေးနှင့်ရပ်ရွာဒေသတိုးတက်ရေးဆိုင်ရာ လူငယ်စွမ်းရည်မြှင့်သင်တန်း”

**“Youth Intensive Training in Sustainable Agriculture & Community Action”**သင်တန်းသည် မြေကြီးကာကွယ်သူများစင်တာ၌ ပြုလုပ်မည့်(၉)လတာ ကြာမြင့်သောသင်တန်းတစ်ခု ဖြစ်ပါသည်။ သင်တန်း၏အဓိကရည်ရွယ်ချက်မှာ အာရက္ခပြည်၏လယ်သမားအသိုင်းအဝိုင်းမှလူငယ်များကို ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အသိပညာကျွမ်းကျင်မှုများ၊ ဒေသအခြေပြုဖြေရှင်းခြင်းဆိုင်ရာအသိပညာ နည်းနာများနှင့် စိုက်ပျိုးစီးပွားရေး၊ လုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုများ တည်ဆောက်ခြင်းဖြင့် ကျေးလက်လူငယ်များ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ရန်ဖြစ်ပါသည်။

**၂၀၂၆၊ မတ်လ မှ နိုဗမ်ဘာလထိ**

Uplifting the Communities & Caring for Nature

## Twinleaf Arakan အဖွဲ့အစည်းအကျဉ်းချုပ်

Twinleaf Arakan အဖွဲ့အစည်းကို ၂၀၂၅ခုနှစ် နှစ်စပိုင်းလောက်တွင် စတင်ဖွဲ့စည်းတည်ထောင်ပြီး အာရက္ခဒေသတွင်း လူငယ်များ၊ စိုက်ပျိုးရေးလုပ်ကိုင်သောတောင်သူများအား ရေရှည်တည်တံ့သော စိုက်ပျိုးရီးပညာရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ အလေ့အထကောင်းများ၊ ရာသီဥတုဖောက်ပြန်မှုကို ဖြေရှင်းရန် အထောက်အကူဖြစ်စေသော နည်းနာများ၊ လူငယ်များလိုအပ်သောစွမ်းရည်များ၊ လူမှုရေးဆိုင်ရာသဘာဝပတ်ဝန်းကျင်ဆိုင်ရာရှုထောင့်များမှ ကျင့်ဝတ်ပိုင်းဆိုင်ရာထိန်းသိမ်းတတ်သောလူငယ်များ၊ စိုက်ပျိုးတောင်သူများဖြစ်ရေး အခြေခံတွေးခေါ်မှုများနှင့် ပတ်သက်ပြီး ခိုင်မာသောရပ်တည်ချက်များဖြင့် အကောင်အထည်ဖော်လုပ်ဆောင်လျှက်ရှိပါသည်။ အဖွဲ့၏မျှော်မှန်းချက်ပန်းတိုင်များကို ရောက်ရှိစေရန် ချမှတ်ထားသောလုပ်ငန်းစဉ်များ၏ရည်ရွယ်ချက်များနှင့်အညီ အားသွန်ခွန်စိုက် ကြိုးပမ်းလျှက်ရှိပါသည်။

### မျှော်မှန်းချက် (Our Vision)

"အာရက္ခဒေသအတွင်း လယ်သမားများသည် ရေရှည်တည်တံ့သောစိုက်ပျိုးနည်းလမ်းများကို အသုံးပြုပြီး ဒေသရင်းရပ်ရွာလူထုများအတွက် စားနပ်ရိက္ခာလုံလောက်စွာ စိုက်ပျိုးကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများအတွက် ပြင်ဆင်နေကြသည့် ခိုင်မာအားကောင်းပြီး မိမိဘာသာဖုံလုံမှုရှိသော ဒေသအသိုင်းအဝိုင်းတစ်ခု ပေါ်ပေါက်လာရန်....."

### မစ်ရှင်း (Our Mission)

ကျွန်ုပ်တို့သည် ဒေသခံလယ်သမားများနှင့် လူငယ်များအား သင်တန်းအစီအစဉ်များ၊ ဒေသအကျိုးပြုလုပ်ရှားမှုများ၊ လူငယ်ခေါင်းဆောင်မှုများမှတဆင့် ဂေဟအကျိုးပြုစိုက်ပျိုးရီးပုံစံများကို မြှင့်တင်ပေးခြင်းနှင့် ရာသီဥတု အပြောင်းအလဲ ဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းရှိသော လူငယ်အဖွဲ့အစည်းများ တည်ဆောက်ခြင်းဖြင့် မြေယာနှင့် သဘာဝ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် ကူညီပီးပါသည်။

## မြေကြီးအကာကွယ်သူများစင်တာ Centre for Soil Defenders

မြေကြီးအကာကွယ်သူများစင်တာ (Centre for Soil Defenders)သည် အဖွဲ့အစည်း၏အဓိက အရေးပါသော ပညာရပ်များအား သင်ကြားပို့ချရာ သင်တန်းစင်တာတစ်ခုဖြစ်ပေသည်။ ဤသင်တန်းစင်တာမှတဆင့် အာရက္ခဒေသ

တွင်းရှိလူငယ်များ၊ စိုက်ပျိုးတောင်သူများကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး၊ သင်တန်းကျောင်းနှင့်အတူ Climate Smart Model Farmတစ်ခုလည်း အကောင်အထည်ဖော်လျှက်ရှိပြီး သင်တန်း/သူများအပါအဝင် ရေရှည်တည်တံ့သောစိုက်ပျိုးရေးအလေ့ အထကောင်းများကို လက်တွေ့ကျကျ လေ့လာမှုပြုလိုသောစိတ်ဝင်စားသူများ မည်သူမဆို Climate Smart Model Farm တွင် လာရောက် လေ့လာနိုင်မည် ဖြစ်ပါသည်။

## ရေရှည်တည်တံ့သောစိုက်ပျိုးရေးနှင့် ရပ်ရွာဒေသတိုးတက်ရေးဆိုင်ရာ လူငယ်စွမ်းရည်မြှင့်သင်တန်း

## Youth Intensive Training in Sustainable Agriculture & Community Action

မြေကြီးကာကွယ်သူလူငယ်များခေါင်းဆောင်မှုသင်တန်း (Youth Soil Defenders Leadership Training)သည် မြေကြီးကာကွယ်သူများစင်တာ၌ ပြုလုပ်မည့် ၉လတာ ကြာမြင့်မည့် သင်တန်းတစ်ခု ဖြစ်ပါသည်။ သင်တန်း၏ အဓိကရည်ရွယ်ချက်မှာ အာရက္ခပြည်၏ လယ်သမားအသိုင်းအဝိုင်းမှ လူငယ်များကို ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အသိပညာကျွမ်းကျင်မှုများ၊ ဒေသအခြေပြု ဖြေရှင်းခြင်းဆိုင်ရာ အသိပညာများ နည်းနာများနှင့် စိုက်ပျိုးစီးပွားရေးနှင့် လုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများ တည်ဆောက်ခြင်းဖြင့် ကျေးလက်လူငယ်များ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ရန် ဖြစ်ပါသည်။

**သင်တန်းကာလ _၂၀၂၆ ခုနှစ် မတ်လ မှ နိုဗမ်ဘာလထိ**

## လျှောက်ထားသူနိုင်သူများ Eligible Applicants

- အသက် ၁၈နှစ် နှင့် ၃၀နှစ်ကြား
- အနည်းဆုံး အလယ်တန်းအဆင့် အောင်မြင်ပြီးသူများ
- စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် အစားအစာဖုံလုံရေးကိစ္စရပ်များကို စိတ်ဝင်စားသောလူငယ်များ
- သင်တန်းပြီးဆုံးပြီးနောက် စိုက်ပျိုးရီးလုပ်ငန်းကို လုပ်ကိုင်ရန် စိတ်ဆန္ဒရှိသူများ
- မတူကွဲပြားမှု (လူမျိုး၊ ဘာသာ၊ လိင်စိတ်ခံယူမှု) အပေါ် လေးစားတန်ဖိုးထားသူများ
- သင်တန်းကာလပြီးဆုံးသည်ထိ အချိန်ပေးနိုင်သူများ

## သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များ Main Subjects

- မော်ဂျူး (၁) ရေရှည်တည်တံ့သောစိုက်ပျိုးရေး အခြေခံများနှင့် ဆက်စပ်အကြောင်းအရာများ (Module-1 Basics of Sustainable Farming and Its Associate Factors)
    - ရေရှည်တည်တံ့သောစိုက်ပျိုးရေး (Sustainable Agriculture)
    - တပိုင်တနိုင်မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ဒေသမျိုးစေ့ဘဏ်များထူးထောင်ခြင်း (Small-Scale Seed Production and Community Seed Bank)
    - သဘာဝအရင်းအမြစ်စီမံခန့်ခွဲခြင်း (Natural Resource Management)
- မော်ဂျူး(၂) လက်တွေ့ကွင်းဆင်းသုတေသနလုပ်ဆောင်ခြင်းမှ ရပ်ရွာဒေသအခြေအနေများကို နားလည်ခြင်းနှင့် အလားအလာကောင်းသောအသက်မွေးမှုအစီအစဉ်များချမှတ်ခြင်း (Module-2 Understanding Community and Exploring Potential Idea for Business Plan through Practical Field Research)
    - Practical Field Research (လက်တွေ့ကွင်းဆင်းသုတေသန)
- မော်ဂျူး(၃) ဒေသဖွံ့ဖြိုးရေး၊စည်းရုံးလှုံ့ဆော်ရေးနည်းနာများ (Module-3 Community Development & Advocacy)
- မော်ဂျူး(၄) စိုက်ပျိုးအခြေပြုအစားအစာကဏ္ဍမှ အသက်မွေးဝမ်းကျောင်း ရရှိရေး (Module-4 Earning A living through Agri-Food Sector)
    - စိုက်ပျိုးစီးပွားရေးမိတ်ဆက် (Agribusiness)
    - ဒေသလက်မှုပစ္စည်းများ ဖန်တီးပြုလုပ်ခြင်း (Local Handicraft Skills for Youth)
- မော်ဂျူး(၅) အစားအစာဖူလုံရေးနှင့် ရာသီဥတုအပြောင်းလဲမှု ဖြေရှင်းရေးအတွက် အတူတကွပူးပေါင်းလုပ်ဆောင်ခြင်း (Module-5 Working Together for Food Security and Climate Action)
    - စိုက်ပျိုးအခြေပြုအစားအစာစနစ်နှင့် အစားအစာဖူလုံရေး (Agri-Food System and Food Security
    - ရာသီဥတုပြောင်းလဲမှုနှင့် အကျိုးဆက်များ Climate Change and Its Impacts
- မော်ဂျူး(၆) လက်တွေ့လေ့ကျင့်ခန်းများ (Module-6 Hand-on Learning and Practical Sessions)
- လယ်ယာမြေဆိုင်ရာ အခြေခံဥပဒေများ၊ အခွင့်အရေးနှင့်တာဝန်များ (Land Laws and Rights Awareness)

## သင်တန်းအချိန်ဇယား Training Schedule

တစ်နေ့တာအချိန်ဇယား

တနင်္လာနေ့မှ သောကြာနေ့ထိ

- ၆း၀၀ (အိပ်ရာထချိန်)
- ၇း၀၀ (မိုးထဖက် အဆာပြေစားချိန်)
- ၀၈း၃၀ - ၁၁း၃၀ (စာသင်ချိန်)

- ၁၁း၃၀ - ၁၃း၀၀ (နိန့်ခြင်းထမင်းစားချိန်)
- ၁၃း၀၀ - ၁၆း၀၀ (စာသင်ချိန်)
- ၁၇း၀၀ - ၁၇း၄၅ (စိုက်ခင်းလုပ်အားပေးချိန်)
- ၁၈း၃၀ - ၁၉း၃၀ (ညဇာပိုင်ထမင်းစားချိန်)
- ၁၉း၃၀ - ၂၁း၀၀ (စာလေ့လာချိန်၊ အိမ်စာ၊ နောက်နိတိအတွက် ပြင်ဆင်ရန်အချိန်)
- ၂၂း၀၀ (နောက်ဆုံးအိပ်ရာဝင်ချိန်)

စနေနှင့် တနင်္ဂနွေနေ့များ သည်အားလပ်ရက်များဖြစ်ပြီး၊ ထိုနေ့များတွင် သင်တန်းအတွက်အရေးကြီး အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများစသော အရေးကြီးသောအစီအစဉ်များရှိလျှင် သင်တန်းသူ/သားများ မဖြစ်မနေတက်ရောက်ရမည်။ အစီအစဉ်များနှင့်ပတ်သက်ပြီး ကျင်းပပြုလုပ်မည့်အစီအစဉ်များကို ကြိုတင်၍ အကြောင်းကြားပေးပါမည်။

## သင်ကြားပို့ချမည့် ပုံစံ Training Methodology

သင်ခန်းစာများကို စာတွေ့နှင့် လက်တွေ့ပူးပေါင်းသင်ကြားခြင်း၊ သင်တန်းကျောင်းရှိရာ အနီးအနားရှိဒေသရပ်ရွာများတွင် ကွင်းဆင်းလေ့လာခြင်းနှင့် အာရက္ခပြည်၏ အခြားမြို့နယ်များမှ သက်ဆိုင်ရာလယ်သမားများ၊ စိုက်ပျိုးရေး နှင့်အစားအစာဖုံလုံရေးနှင့်ဆက်နွယ်သော အဖွဲ့အစည်းများကို သွားရောက်ပြီး ကွင်းဆင်းလေ့လာမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ သင်တန်းကာလ ပထမ (၄)လတာပြီးဆုံးသည့်ကာလတွင် သင်တန်းသား/သူများ သည် မိမိဒေသသို့ ပြန်သွားပြီး ကွင်းဆင်းသုတေသနပြုလုပ်ရပါမည်။

## ကုန်ကျစရိတ် Study Cost

Twinleaf Arakan၏ မြေကြီးကာကွယ်သူများစင်တာတွင် ပို့ချမည့် (၉) လတာသင်တန်းအတွက် သင်တန်းကြေးပေးစရာမလိုသော အခမဲ့သင်တန်းဖြစ်ပါသည်။ သင်တန်းသားများလိုအပ်သော စာရွက်၊စာအုပ်၊ ဘောပန် စသော စာသင်ခန်းသုံးပစ္စည်းများအားလည်း အဖွဲ့အစည်းမှ အခမဲ့ ပေးအပ်သွားပါမည်။ ပြီးလျှင် သင်တန်း သား/သူများ သင်တန်းကျောင်းသို့လာရောက်သော ခရီးစရိတ် **(အပြန်စရိတ်)** အားလည်း သင်တန်းကျောင်းမှ ကျခံပေးမည် ဖြစ်ပါသည်။

## အဖွဲ့အစည်းမှ သင်တန်းသားများအား ထောက်ပံ့ကြေး Monthly Stipend Contribution

သင်တန်းသား/သူများသည် တကိုယ်ရည်သုံးပစ္စည်းများသုံးစွဲရန် ရည်ရွယ်၍ လစဉ်ထောက်ပံ့ကြေး (၅၀၀၀၀ိ) ကျပ်အား ပံ့ပိုးပေးသွားပါမည်။

## ထောက်ခံချက် Recommendation for Applicants

ထောက်ခံစာအား ပေးပို့ထားသော နမူနာစာရွက်တွင် ရခိုင်/မြန်မာ/အင်္ဂလိပ် ကြိုက်နှစ်သစ်ရာဘာသာဖြင့် ရေးသားမှု ပြုလုပ်နိုင်ပါသည်။ ထောက်ခံချက်အား မိမိကိုသင်ကြားဖူးသည့် ဆရာ/ဆရာမ၊ ရပ်ရွာအုပ်ချုပ်ရေးမှူး/ မိမိဒေသမှ အများကြည်ညိုမှုရှိသော ပုဂ္ဂိုလ်၊ မိမိလုပ်ကိုင်နေသည့် အဖွဲ့အစည်း/အသင်းအဖွဲ့၏ခေါင်းဆောင်များ မှ ရေးသားနိုင်ပါသည်။ ထောက်ခံစာအား Telegramမှ ဖြစ်စေ၊ Emailမှ ဖြစ်စေ ရုံးသို့ဖြစ်စေ တိုက်ရိုက်ပေးပို့နိုင် ပြီး၊ လျှောက်လွှာနှင့်အတူ ပူတွဲ၍လည်း ပေးပို့နိုင်ပါသည်။

*ထောက်ခံချက်အား မိမိ၏မိသားစုဝင်များ၊ ရင်းနှီးသောမိတ်ဆွေသူငယ်ချင်းများမှ ရေးသားခွင့်မပြုပါ။*

## နေရာထိုင်ခင်း Accommodation for Training Participants

အဖွဲ့အစည်းမှ သင်တန်းသား/သူများ၏ လုံခြုံရေးနှင့် ပတ်သက်ပြီး အထူးအလေးပေး စဉ်းစားသောကြောင့် သင်တန်းသူ/သားများအား အဖွဲ့အစည်းမှ စီစဉ်ပေးသော လုံခြုံစိတ်ချရသည့် နေရာတွင် နေထိုင်ရပါမည်။ **သင်တန်းနေရာနှင့်ပတ်သက်၍ သင်တန်းသူများ/နေထိုင်မည့် နေရာအား ရွေးချယ်ခံထားသော သင်တန်းသူ/သား များကိုသာ အကြောင်းကြားသွားမည်ဖြစ်သည်။**

## သင်တန်းသူ/သားများအတွက် အစားအသောက် Food Arrangement for Training Participants

သင်တန်းသူ/သားများမအား သင်တန်းကျောင်းမှ အခမဲ့ ကျွေးမွေးပါမည်။ သင်တန်းကျောင်း၏စိုက်ခင်းမှ ထွက်ရှိသော ဓာတုလွတ်ဟင်းသီးဟင်းရွက်များ၊ ဒေသထွက် အသား၊ငါး နှင့် လုံခြုံဘေးကင်းသော အစားအစာ များကို ကျွေးမွေးမည်ဖြစ်ပါသည်။ သင်တန်းသူ/သင်တန်းများသည် စိုက်ခင်းတွင် ဝန်ထမ်းများနှင့်အတူ ဟင်းသီး ရွက်များကိုစိုက်ပျိုးကြရမည်။

## သင်တန်းအကြောင်း ပိုသိချင်လျှင် ဆက်သွယ်မေးမြန်းရန် To Contact More Detailed Information

သင်တန်းနှင့်ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက Email / Telegram မှ တိုင်ရိုက်ဆက်သွယ် မေးမြန်နိုင်ပါ သည်။

Email: phroewaikhaingmd@gmail.com

Telegram No: +668-2394-1401 / Signal: +66 823941401 / Viber : +880 -1868-095189